ဝိဋ္ဌာရေထွက်လမ်း ၉ စောင်တွဲကျမ်းလာ

## တောင်ဘီလာပုဂ္ဂိုလ်ကျော်

# ဆေးသိုက်ညွှန်းကျမ်း

မန္တလေးမြို့၊

၈၅ လမ်း၊ မလွန်

ဦးအောင်သိန်းပုံနှိပ်တိုက်

၁၃၃၃-ခု၊ နတ်တော်လ

ebook is created by www.ShanYoma.Org

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ၉ တောင်ဘီလာပုဂ္ဂိုလ်ကျော်

# ဆေးသိုက်ညွှန်း

## ၁ ပတိန်းအနောက်တောင်ညွှန်း

ပတိန်းအနောက်၊ မဲတောင်တွင်၊ ဝါးသဲပြောင်ပင် ရှိ၏။ အပင်အဆင်းကား၊ ဝါးပင်ကဲ့သို့ ရှိ၏။ ဝါးရွက်နှင့်တူ၏။ တပင်လုံးသုံးရွက်သာ ရှိ၏။ တဆစ်လျှင် ဆူးသုံးခွရှိ၏။ စောက်ထိုးပေါက်၏။ အမြစ် ချင်းစိမ်းတက်ကဲ့သို့ ရှိ၏။ ပတဲကောတက်နှင့်တူ၏။ အဖြူအဝါလည်း ထွက်၏။ အနံ့လည်း ထွက်၏။ ၄င်းအစေး တကျပ်၊ သမ္ဘရာရည် တကျပ်၊ ပြဒါးတကျပ်၊ စရနယ်၍ မီးပေါ်တွင် မိုက်အင်နှင့်ဖုတ်၊ သုတစကြာကဲ့သို့ ချာချာလယ်၍ သေ၏။ ဒန် ၁ဝိ တပဲပစ်၊ ငွေဖြစ်၏။ တနည်းလည်း ယခင်ဆေးပဥ္စငါးပါးကို ယူ၍၊ အမှုံ့ညက်စွာကြိတ်၊ လောဟာကို အရေကျို၍၊ ဖြူးကာဖြူးကာထိုး၊ သံသတ်မြစ်နှင့်မွှေ၊ လောဟာပန်း သေ၏။ ပျဉ်း၏။ ဒန် ၁ဝိ ကို၊ တပဲပစ်၊ ငွေဖြစ်၏။ တနည်းလည်း၊ ယခင်ဆေးကို ပဥ္စငါးပါးယူ၍၊ အမှုံ့ညက်စွာကြိတ်၊ လောဟာကို အရေကျို၍၊ ဖြူးကာဖြူးကာထိုး၊ သံသတ်မြစ်နှင့်မွှေ၊ လောဟာပန်း သေ၏။ လောဟာပျဉ်း၏။ ဒန် ၁ဝိ တပဲပစ်၊ ရွှက်နီရ၏။

## ၂ စကြာတောင်ညွှန်း

စကြာတောင်တွင်၊ မြင်းသီး အုပ်ထုပ်ပင် ရှိ၏။ အပင်အဆင်းကား၊ ကြာပင်ကဲ့သို့ ရှိ၏။ အရွက်လည်း ကြာရွက်နှင့်တူ၏။ ဒေါင်းပုံသွေးနက်ကဲ့သို့ ရှိ၏။ ၄င်းဆေးကို ပဥ္စငါးပါးယူ၍၊ သမ္ဘရာရည်နှင့်ညက်စွာကြိတ်၊ ၄င်းအရေနှင့်သုတကို အောက်အထက်နှီး၍

ebook is created by www.ShanYoma.Org

မိုက်လုံသွင်း၊ ဖွဲ့တတင်းနှင့်ဖုတ်၊ သုတပြာကျ၏။ ပြာအဆင်းကား၊ စိမ်းစိမ်းညိုညို၊ ပိတုန်းတောင်ကဲ့သို့ရှိ၏။ လက်နှင့်ချေသော်၊ မြည့်မြည့်ကြွေ၏။ ဒန် ၁ဝိ တွင်၊ တရွေးပစ်၊ ဓမ္မစစ်ဖြစ်၏။

## ၃ ပုံတောင်ပုံညာတောင်ညွှန်း

ပုံတောင်ပုံညာတွင်၊ မင်းရိုသေပင် ရှိ၏။ အဆင်းကား၊ ရှားဖောင်းပင်နှင့်တူ၏။ အရွက်လည်း၊ ရှားဖောင်းရွက်ကဲ့သို့ ရှိ၏။ အမြစ်ကား နီ၏။ အစေးကား၊ သွေးပေါက်ကဲ့သို့ ရှိ၏။ သိလိုမူ သုတ တကျပ်၊ ၄င်းဆေးတကျပ်၊ သမ္ဘရာရည်နှင့်ဖျော်၍ သုတကို အောက် အထက်နှီး၍ မိုက်လုံသွင်း၊ ကင့်ပုံသီးမှည့်အဆင်းရဲအောင်ထိုး၊ သုတသေ၏။ ဘင် ၁ဝိ တွင် တရွေးပစ်၊ သုဝဏ္ဏ ဖြစ်၏။

## ၄ မဟော်ရာတောင်ညွှန်း

မဟော်ရာတောင်တွင်၊ လသာဖြူနွယ်ပင် ရှိ၏။ အဆင်းကား၊ နုပ်ချို့ပင်ကဲ့သို့ ရှိ၏။ အရွက်လည်း၊ နုပ်ချို့ရွက်ကဲ့သို့ ရှိ၏။ အဥကား၊ သဘော်ဥကဲ့သို့ ရှိ၏။ ချိုသောအစေး ဝါဝါရှိ၏။ ၄င်းဆေးကို ပဥ္စငါးပါး ယူ၍၊ ဒန်ကို အောက်အထက်နှီး၍ထိုး၊ ဘော်ဖြစ်၏။

## ၅ ဆိတ်ဖြူတောင်ညွှန်း

ဆိတ်ဖြူတောင်တွင်၊ စတုရင်္ဂလိပင် ရှိ၏။ အဆင်းကား ဘူးညွှန့်ထွက်သစ်စနှင့်တူ၏။ အရွက်လည်း၊ ဘူးရွက်ကဲ့သို့ ရှိ၏။ အစေးကား၊ မဲမဲနီနီရှိ၏။ သိလိုမူ၊ ၄င်းဆေးကို ပဥ္စငါးပါးယူ၍၊ သုတနှင့်စရနယ် ခဲ၏။ ၄င်းဆေးကိုပင်၊ အထက်အောက်နှီး၍ထိုး၊ ပြာကျ၏။ ခါတ်လေးပါးတွင်ပစ်၊ ရွှက်နီရ၏။

ebook is created by www.ShanYoma.Org

## ၆ ပုပ္ပါးတောင်ညွှန်း

ပုပ္ပါးအရှေ့ တောင်ပူစာရှိ၏။ ထိုတောင်ပူစာတွင်၊ ဆေးဝိဇ္ဇာပင် ရှိ၏။ အဆင်းကား၊ မုံညင်းပင်ကဲ့သို့ ရှိ၏။ အရွက်လည်း မုံညင်းရွက်နှင့်တူ၏။ ကျားကျားပြောက်ပြောက် ရှိ၏။ ခွေးသွားစိတ်၍၊ အနားကို ရစ်လျက်နီ၏။ အဉကား၊ ဝဉကဲ့သို့ ရှိ၏။ ချိုသောအစေးဖြူဖြူ၊ နွားနို့ကဲ့သို့ ထွက်၏။ သိလိုမူ၊ ဒန်ကို အောက်အထက်နှီး၍ထိုး၊ ဒန်ပြာကျ၏။ ဘော်နှင့်လေးတူတွဲ၍ထိုး၊ ချိတ်ဖြစ်၏။ ဒန် ၁ဝိ မှာ တပဲပစ်၊ ဓမ္မစစ်ဖြစ်၏။

## ၇ ကျောက်မျက်တောင်ညွှန်း

ကျောက်မျက်တောင်တွင်၊ ဗုဇွန်ဇာပင် ရှိ၏။ အဆင်းကား ဒန်းသရက်ပင်နှင့်တူ၏။ သိလိုမူ၊ ဒန်ကို အထက်အောက်နှီး၍ထိုး၊ ငှင်းဆေးကို သမ္ဘာရာရည်နှင့်ကြိတ်၊ သုတကို အောက်အထက်နှီး၍၊ ကင့်ပုံသီးမှည့် ရဲရဲနီအောင်ထိုး၊ သုတသေ၏။ ဒန် ၁ဝိ တွင် တပဲပစ်၊ ဘော်ဖြစ်၏။

## ၈ ရွှေဥတောင်ညွှန်း

ရွှေဥတောင်တွင်၊ စိန်ဇောတိဆေးပင် ရှိ၏။ အဆင်းကား၊ အောင်မဲညိုပင်ကဲ့သို့ ရှိ၏။ နံ့လည်း နံ၏။ သိလိုမူ၊ ငှင်းဆေးကို အမှုံ့ပြု၍၊ နာကိုဖြူးကာ ဖြူးကာထိုး၊ နာဘော်ဖြစ်၏။

## ၉ တေလတောင်ညွှန်း

တေလတောင်တွင်၊ နှမ်းရိုင်းမွဲပင် ရှိ၏။ အဆင်းကား နှမ်းပင်ကဲ့သို့ ရှိ၏။ နှမ်းရွက်နှင့်တူ၏။ နံ့လည်း နံ၏။ သိလိုမူ၊ ငှင်းဆေးကိုပင်၊ သုတနှင့်နယ်၊ ဆေးအထက်အောက်နှီး၍ထိုး၊ သုတခဲ၏။

ebook is created by www.ShanYoma.Org

## ၁၀ ဆိတ်ဖူးတောင်ညွှန်း

ဆိတ်ဖူးတောင်တွင်၊ တပင်ရွှေထီးပင် ရှိ၏။ အဆင်းကား၊ ဖြူဖြူဖြောင့်ဖြောင့် ရှိ၏။ အရွက်ကား၊ ရွှေစလူရွက်ကဲ့သို့ နီနီပြောင်ပြောင် ရှိ၏။ အစေးကား၊ ကြက်သွေးကဲ့သို့ ရှိ၏။ သိလိုမူ၊ ၄င်းဆေးကိုပင်၊ ညက်စွာအမှုံ့ပြု၍၊ ဒန်ကို အောက်အထက်နှီး၍ထိုး၊ ငွေဖြစ်၏။

## ၁၁ ချင်းတွင်းချောင်းညွှန်း

ချင်းတောင်အနောက်ချောင်းတွင်၊ ဆင်သို့ပင် ရှိ၏။ အဆင်းကား၊ ဖျောက်ဆိပ်ပင်ကဲ့သို့ ရှိ၏။ အရွက် သဘော်ရွက်ကဲ့သို့ရှိ၏။ အနားရစ်၏။ အစေးကား၊ ဆိတ်နို့ကဲ့သို့ ရှိ၏။ သိလိုမူ ၄င်းဆေးကို ညက်စွာကြိတ်၊ လောဟာကို အောက်အထက်နှီး၍ထိုး၊ လောဟာပန်းသေ၏။ သုတသွင်းဝင်၏။ ၄င်းဆေးကို အောက်အထက်နှီး၍ထိုး၊ လောဟာဆတ်၍ ပြာကျ၏။ ဒန် ၁ဝိ တွင် တပဲပစ်၊ စရိတ်ရ၏။

## ၁၂ မြေနီဘုရားတောင်ညွှန်း

တောင်တွင်းအရှေ့ မြေနီဘုရားတောင်တွင်၊ ဂုံညင်းမင်းပင် ရှိ၏။ အဆင်းကား၊ နီနီဝင်းဝင်း ရှိ၏။ အရွက်ကား၊ ဝန်းဝန်းရှိ၏။ အသီး တညိုတမိုက် ရှိ၏။ အမြစ်အဆင်းကား၊ ပေါက်နွယ်ဥကဲ့သို့ ရှိ၏။ လက် ခြေ မထိစေနှင့်၊ ဖြူတတ်သည်။ သိလိုမူ ခါတ်လေးပါးကို ကျို၍၊ ၄င်းဆေးကို ရေနှင့်ဖျော်၍ သွန်လေ၊ ငွေဓမ္မစစ် ဖြစ်၏။

## ၁၃ ဆင်အောင်းတောင်ညွှန်း

ဆင်အောင်းတောင်တွင်၊ ဆေးချည်ဝင်ပင် ရှိ၏။ အဆင်းကား၊ ပိုက်ဆံပင်ကဲ့သို့ ရှိ၏။ အရွက်လည်း တူ၏။ ဥစားပဲကဲ့သို့ ရှိ၏။ ဆိမ့်လည်း ဆိမ့်၏။ သိလိုမူ၊ ၄င်းဆေးပင်ကို၊ ညက်စွာကြိတ်၍၊

သုတကို အောက်အထက်နှိုး၍ထိုး၊ သုတပြာကျ၏။ မိုဃ်းကြိုးကဲ့သို့ ညို့ညို့ရှိ၏။ ဒန် ၁၀ဝ ကို တရွေးပစ်၊ ဓမ္မစစ်ဖြစ်၏။

## ၁၄ ဇလုံတောင်ညွှန်း

ဇလုံတောင်တွင်၊ ဝက်ခေါက်ဆီပင် ရှိ၏။ အဆင်းကား ရွှေပင်ကဲ့သို့ရှိ၏။ အရွက်ကား၊ တရုတ်စကားရွက်ကဲ့သို့ ရှိ၏။ အခွံကို ခွာ၍ မီးကင်သော် ဝက်သားကဲ့သို့ရှိ၏။ သိလိုသော်၊ ၄င်းဆေးကို ညက်စွာကြိတ်၊ လောဟာကို အောက်အထက်နှိုး၍၊ လခွဲဖြစ်စေ၊ ဆယ်ရက်ဖြစ်စေ စိမ်၊ ရက်စေ့လျှင်၊ ယခင်ဆေးကို အောက်အထက် နှိုး၍ထိုး၊ ငွေဖြစ်၏။

## ၁၅ ကျောက်ကြီးတောင်ညွှန်း

ကျောက်ကြီးတောင်တွင်၊ ဆေးမင်းကတိုးပါရှိ၏။ အပင်အဆင်းကား၊ သဘော်ပင်ကဲ့သို့ ရှိ၏။ အရွက်ကား၊ ကြာရွက်ကဲ့သို့ ရှိ၏။ အရွက်အကြောညိုညိုရှိ၏။ အရွက်သည် ကတိုးပါမွေးကဲ့သို့ ရှိ၏။ အမြစ်ကား၊ လုံးလုံးရှိ၏။ ချိုး၍ကြည့်သော် အစေးညိုညိုထွက်၏။ သိလိုမူ၊ ဒန်ကို အောက်အထက် နှိုး၍ထိုး၊ ဘော်ဖြစ်၏။

## ၁၆ နွားလည်တောင်ညွှန်း

နွားလည်တောင်တွင်၊ မြက်မီးသွေးပင် ရှိ၏။ အပင်အဆင်းကား၊ မြက်သမန်းပင်နှင့်တူ၏။ နက်နက်ချိုတ်ချိုတ်ရှိ၏။ အမြစ်ကား၊ မာမာကျောကျော ရှိ၏။ သိလိုမူ၊ ၄င်းဆေးကို ညက်စွာကြိတ်၍၊ ဒန်ကို ဖြူးကာဖြူးကာထိုး၊ နွားချေးပုံးရေတွင်လောင်း ဘော်ကျ၏။

ebook is created by www.ShanYoma.Org

## ၁၇ ကျောက်ကြီးနက်တာင်ညွှန်း

ကျောက်ကြီးနက်တောင်တွင်၊ ကန့်ချုပ်နက်ပင် ရှိ၏။ အပင်အဆင်းကား၊ ကန့်ချုပ်နီပင်နှင့်တူ၏။ အရွက်ကား၊ ဝန်းဝန်းနက်နက်ရှိ၏။ အပွင့်လည်း နက်၏။ အမြစ်ကား၊ ထန်းမြစ်ကဲ့သို့ရှိ၏။ ၄င်းဆေးကို၊ သမ္ဘရာရေနှင့်သွေး၍ သုတနှင့်စရနယ်၊ ဆေးကိုပင် အောက်အထက်နှီး၍ထိုး၊ သုတသေ၏။ ဒန် ၁ဝ တွင် တရွေးပစ်၊ ဓမ္မစစ်ဖြစ်၏။

## ၁၈ နွယ်နောင်းတောင်ညွှန်း

နွယ်နောင်းတောင်တွင်၊ ဘားပြုတ်ဆုတ်ဆိုင်းပင် ရှိ၏။ အပင်အဆင်းကား၊ ဟင်းဂျူန်ပင်ကဲ့သို့ ရှိ၏။ ဥကား၊ ဘားကဲ့သို့ရှိ၏၊ အစေးကား၊ လူကိုတို့သော်၊ ဖူးဖူးရောင်၏။ သိလိုမူ၊ နာကို အထက်အောက်နှီး၍ထိုး၊ နာကျိုး၏။

## ၁၉ ကက္ကူတောင်ညွှန်း

ကက္ကူတောင်တွင်၊ သလဲသခွားပင် ရှိ၏။ အဆင်းကား၊ သဘော်ပင်ကဲ့သို့ ရှိ၏။ အရွက်အဖူးကား၊ နီနီရှိ၏။ အကြောကား ပြာပြာမွဲမွဲ ရှိ၏။ အသီးကား၊ အုန်းသီးကဲ့သို့ရှိ၏။ စားသော် ခါးခါးရှိ၏။ အစေးကား၊ ဝါဝါရှိ၏။ သိလိုမူ၊ ၄င်းဆေးကို ညက်စွာကြိတ်၍ ဘင်ကို၊ ဖြူးကာဖြူးကာထိုး၊ ဘင်ကျိုး၏။

## ၂၀ ဖိုးခေါင်တောင်ညွှန်း

ဖိုးခေါင်တောင်တွင်၊ ဖာလာချဉ်ပင် ရှိ၏။ အပင်ကား ပန်းလဲပင်ကဲ့သို့ ရှိ၏။ အရွက်ကား၊ သေးသေးစိတ်စိတ် ရှိ၏။ အသီးကား ဘိဇတ်သီးကဲ့သို့ ရှိ၏။ အစေးကား နီနီရှိ၏။ ချဉ်လည်း ချဉ်၏။ မယုံနိုးသော်၊ လောဟာကို စိမ်၍ အထက်အောက်နှီး၍ထိုး၊ လောဟာငွေဖြစ်၏။

## ၂၁ ဝသဲတောင်ညွှန်း

ဝသဲတောင်တွင်၊ ရှိန်းကြေးပင်ရှိ၏။ အပင်ကား၊ မဟော်ရာပင်နှင့်တူ၏။ အရွက်အဆင်း ပဒုမ္မာကြာကဲ့သို့ရှိ၏။ ညိုညိုရှိ၏။ အမြစ်ကား၊ ကျွေးဥကဲ့သို့ လုံးလုံးရှိ၏။ ချိုးသော် အစေးကြက်သွေးကဲ့သို့ရှိ၏။ မယုံနိုးသော်၊ ဆေးကိုညက်စွာကြိတ်၍၊ သုတနှင့်စရနယ်၊ အောက်အထက်နှီး၍ထိုး၊ ဖွဲမီးနှင့်ဖုတ်၊ သုတပြာကျ၏။ ဒန် ၁ဝိ မှာ တရွေးပစ်၊ ဘော်ဖြစ်၏။

## ၂၂ မည်မွန်းတောင်ညွှန်း

မည်မွန်းတောင်တွင်၊ လက်ပန်ဖြူပင်ရှိ၏။ အပွင့်အဆင်းကား ဖွေးဖွေးဖြူ၏။၊ မယုံနိုးသော်၊ ၄င်းဆေးကို ညက်စွာကြိတ်၊ သမ္ဘရာရည်နှင့်ဖျော်၍၊ နာကို အကြိမ်သုံးဆယ်သွန်၊ ဆူ၍သေ၏။ သုဝဏ္ဏဓမ္မစစ်ဖြစ်၏။

## ၂၃ ဒန့်သကူးတောင်ညွှန်း

ဒန့်သကူးတောင်တွင်၊ ကျောက်ကျွဲသဲပင် ရှိ၏။ အဆင်းကား နီနီညိုညို နက်နက်ရှိ၏။ ဖီးဖီးရှိ၏။ သိလိုမူ၊ လောဟာကို အောက်အထက်နှီး၍ထိုး၊ လောဟာကျေ၍ သေ၏။ နာ ၁ဝိ တွင် တရွေးပစ်၊ သုဝဏ္ဏဓမ္မစစ်ဖြစ်၏။

## ၂၄ ထင်းရှူးတောင်ညွှန်း

ထင်ရှူးတောင်တွင်၊ ကျောက်ရည်ရှိ၏။ အဆင်းကား လုံးလုံးပြားပြားအိမ်နှင့်ရှိ၏။ သိလိုမူ၊ နာကို အောက်အထက်နှီး၍ထိုး၊ သုဝဏ္ဏဓမ္မစစ်ဖြစ်၏။

ebook is created by www.ShanYoma.Org

## ၂၅ ဆင်ဦးကင်းတောင်ညွှန်း

ဆင်ဦးကင်းတောင်တွင်၊ ဂေါ်ခံကျောက်ရှိ၏။ အဆင်းကား သပိတ်ကဲ့သို့ရှိ၏။ ခွဲသော် အထဲ၌ ဝါဝါရှိ၏။ ပြိုးပြိုးပြောက်ပြောက် ရှိ၏။ သိလိုမူ၊ ဘော်ငွေကို အောက်အထက်နှိုး၍ထိုး၊ ပြာကျ၏။ နာ ၁ဝ တွင် တပဲပစ်၊ သုဝဏ္ဏာခမ္ဗစစ်ဖြစ်၏။

## ၂၆ ရေတံခွန်တောင်ညွှန်း

ရေတံခွန်တောင်တွင်၊ ကျောက်ကွမ်းသီးရှိ၏။ အဆင်းကား ပြာပြာညိုညို ရှိ၏။ ခွဲသော် အသား ဗုဇွန်ဆီကဲ့သို့ရှိ၏။ သိလိုမူ နာကို အောက်အထက်နှိုး၍ထိုး၊ နာသုဝဏ္ဏာခမ္ဗစစ်ဖြစ်၏။

## ၂၇ နန်းကတိုးတောင်ညွှန်း

နန်းကတိုးတောင်တွင်၊ ကျောက်ဆတ်နီရှိ၏။ အဆင်းကား လက်ညှိုးကဲ့သို့အမြှောင်ရှိ၏။ ဖွေးဖွေးပွပွရှိ၏။ သိလိုမူ၊ ခပ်ပြားကို အောက်အထက်နှိုး၍ထိုး၊ ရွှေဖြစ်၏။ သုတသွင်း၍၊ စရနယ်၊ ဝင်၏။ ငှင်းကျောက်ကို၊ အောက်အထက်နှိုး၍ထိုး၊ သုတသေ၏။ ပြာကျ၏။ ဘင် ၁ဝ ၌ တရွေးပစ်၊ သုဝဏ္ဏာခမ္ဗစစ်ဖြစ်၏။

## ၂၈ ရွှေမာလဲတောင်ညွှန်း

ရွှေမာလဲတောင်တွင်၊ ကျောက်ရေစီး ရှိ၏။ အဆင်းကား၊ ဖွေးဖွေးလုံးလုံးရှိ၏။ ခွဲသော် အသားကြက်ဥနှစ်ကဲ့သို့ ရှိ၏။ သိလိုမူ ဂွတ်ကို အထက်အောက်နှိုး၍ထိုး၊ ပြေ၇၏။ ရဇိတ။

## ၂၉ မဟာမြိုင်တောင်ညွှန်း

မဟာမြိုင်တောင်တွင်၊ ရွှေးခါးပင် ရှိ၏။ အပွင့်အဆင်းကား၊ ပြောက်ကျားရှိ၏။ အသီးကား၊ ဂွေးသီးကဲ့သို့ ရှိ၏။ မိုးမျှော်

ebook is created by www.ShanYoma.Org

သီး၏စားသော် ခါး၏။ သိလိုမူ၊ ၄င်းဆေးကို ညက်စွာကြိတ်၊ လောဟာကိုစိမ်၍ အောက်အထက်နှီးကာထိုး၊ လောဟာငွေ ဖြစ်၏။

## ၃၀ လင်းနေချောင်းညွှန်း

လင်းနေချောင်းတွင်၊ ပိတ်ချင်းနီပင် ရှိ၏။ အဆင်းကား၊ ထူပိန့်ပိန့် ကျွတ်ကျွတ်ဆတ်ရှိ၏။ ချဉ်လည်း ချဉ်၏။ ၄င်းဆေးကို ညက်စွာကြိတ်၍ ဒန်ကို ဖြူးကာ ဖြူးကာထိုး၊ နွားချေးပုံးရေတွင်သွန်၊ ငွေဖြစ်၏။

## ၃၁ ပေါက်နက်တောင်ညွှန်း

ပေါက်နက်တောင်တွင်၊ ဆီမီးတောက်ဖြူပင် ရှိ၏။ အပင်ကား ဆီမီးတောက်ပင်နှင့်တူ၏။ အရွက်ဝန်းဝန်းရှိ၏။ အပွင့်ကား၊ ဆွဆွဖြူ၏။ အဥကား၊ ချည်ဝင်ကဲ့သို့ အရစ်ရစ်ရှိ၏။ သိလိုမူ၊ တဝက်ခြမ်း၍၊ တခြမ်းကို သမ္ဘာရာရည်နှင့်စရနယ်၊ တခြမ်းကို ကွမ်းရွက်ရည်နှင့်စရနယ်၊ သုတကို အောက်အထက်နှီး၍ မိုက်လုံသွင်း၍ထိုး၊ သုတသေ၏။ ၄င်းနည်း ခုနစ်ကြိမ်ပြန်ထိုး၊ သောက်ရှူးကြယ်ကဲ့သို့သေ၏။

## ၃၂ တောင်သာတောင်ညွှန်း

တောင်သာတောင်တွင်၊ ကျွန်းနက်ပင် ရှိ၏။ အပင်အဆင်းကား၊ ကွမ်းပင်ကဲ့သို့ နက်နက်ရှိ၏။ စားသော် ခါးလည်းခါး စပ်လည်းစပ်၏။ သိလိုသော်၊ ၄င်းဆေးကို ညက်စွာ ကြိတ်၍၊ သုတကို အောက်အထက်နှီး၍ထိုး၊ သုတ သောက်ရှူးကြယ်ကဲ့သို့ သေ၏။

## ၃၃ မရိုးတောင်ညွှန်း

မရိုးတောင်တွင်၊ လေးကျွန်းဆီမီးပင် ရှိ၏။ အဆင်းကား၊ ဒေါင်းပုံ သွေးနက်ကဲ့သို့ရှိ၏။ အဥကား၊ တင်းလုံးခွဲလုံးရှိ၏။ အ

ညွှန့်အနွယ်ကား၊ လေးသွယ်စု၍ တိုင်းသော် ညီညီရှိ၏။ သိလိုသော်၊ အဥကို ထွင်း၍ သုတသွတ်၊ ဆောက်စာပိတ်မြဲပိတ် ခုနစ်ရက်လည် လျှင် သုတသေ၏။ သောက်ရှူးကြယ်ကဲ့သို့ရှိ၏။

## ၃၄ ဆပ်ပြာတောင်ညွှန်း

ဆပ်ပြာတောင်တွင်၊ ပဥ္စကူလီပင် ရှိ၏။ အပင်ကား၊ မရိုး နွယ်ကဲ့သို့ ရှိ၏။ အရွက်ကား ငါးခွရှိ၏။ အမြစ်ကား၊ မျောက်ဥကဲ့ သို့ ရှိ၏။ သိလိုသော်၊ ညက်စွာကြိတ်၍၊ သုတကို အောက်အထက်နှီး ၍ထိုး၊ သုတသေ၏။ ဒန် ၁၀ ကို တရွေးပစ်၊ ငွေဖြစ်၏။

## ၃၅ မိုင်းဝယ်တောင်ညွှန်း

မိုင်းဝယ်တောင်၌ ဇော်ဂျီအုပ်ထုပ်ပင် ရှိ၏။ အပင်ကား၊ ခတ္တာပင်ကဲ့သို့ ရှိ၏။ အရွက်ကား များ၏။ အနားကို ရစ်၍ နီ၏။ အပွင့်ကား၊ အုတ်ခဲဆွဲသကဲ့သို့ရှိ၏။ အမြစ်ကား၊ ကြက်ခေါက်ကဲ့သို့ ရှိ၏။ သိလိုသော်၊ နာကို စိမ်၍ထိုး၊ ငွေဖြစ်၏။

## ၃၆ သလူတောင်ညွှန်း

သလူတောင်တွင်၊ ရွှေကြာပင် ရှိ၏။ အဆင်းကား၊ ခတ္တာ ပင်ကဲ့သို့ရှိ၏။ အရွက်လည်း ခတ္တာရွက်ကဲ့သို့ ရှိ၏။ အနား၌ ရစ်၍ နီ၏။ အပွင့်ကား၊ ကြာပွင့်ကဲ့သို့ရှိ၏။ အစမ်းကား၊ ထုံးနှင့်တို့သော်၊ ကြက်သွေးကဲ့သို့ရှိ၏။ မယုံသော်၊ ဘင်ကို အထက်အောက်နှီး၍ထိုး၊ ဘင်ကျွတ်၏။ နာ ၁၀ တမတ်ပစ်၊ ငွေဖြစ်၏။

## ၃၇ လေသာတောင်ညွှန်း

လေသာတောင်တွင်၊ ဖက်ယားကြီးပင် ရှိ၏။ အပင်ကား၊ ဖက်ဝန်းပင်ကဲ့သို့ရှိ၏။ အရွက်ကား၊ ခွေးသွားစိတ်ရှိ၏။ အနားကို ရစ်၍နီ၏။ ငှင်းဆေးကို၊ ပဥ္စငါးပါးယူ၍၊ အညက်ကြိတ်၊ နာကို

ebook is created by www.ShanYoma.Org

အောက်အထက်နှီး၍၊ ဖြူးကာဖြူးကာထိုး၊ နာဆူ၍သေ၏။ ငွေဖြစ်၏။

## ၃၈ ခဲကျောက်တောင်ညွှန်း

ခဲကျောက်တောင်တွင်၊ ရေကန်တခုရှိ၏။ ထိုကန်တွင် ဗုဒ္ဓနံ ခြေကြွေပင်ရှိ၏။ အပင်ကား၊ ရေဒန်းပင်ကဲ့သို့ ရှိ၏။ အရွက်ဝန်း ဝန်း ခွေးသွားစိတ်၍ အရွက်ညို၏။ အကြောနီ၍၊ အပွင့်ကန်ဇွန်းပွင့် ကဲ့သို့ရှိ၏။ အဖြူအနီ နှစ်မျိုးရှိ၏။ အမြစ်လည်း၊ ကန်ဇွန်းဥကဲ့သို့ရှိ၏။ အစေးကား၊ ဗုဒ္ဓနံတိုးသော်၊ ဗုဒ္ဓနံခြေကြွေ၏။ မယုံသော်၊ ၄င်းဆေးကို အညက်ကြိတ်၍ သုတနှင့်စရနယ်၊ မီးတွင် နွေးနွေးချက် ပြဒါးခဲ၏။ ၄င်းဆေးကို အောက်အထက်နှီး၍လုံသွင်း၊ ကင့်ပုံသီး မှည့် ရဲရဲနီရုံထိုး၊ သုတသေ၏။ ပြာကျ၏။ ဒန် ၁ဝိ တွင် တပဲပစ်၊ ဓမ္မစစ်ဖြစ်၏။

## ၃၉ ပတိန်ခင်တောင်ညွှန်း

ပတိန်ခင်တောင်တွင်၊ ဖိုးဝံဖြူပင် ရှိ၏။ အပင်ကား၊ ပဒိုင်းပင်ကဲ့သို့ရှိ၏။ အရွက်ကား၊ ငါးခွရှိ၏။ အသီးကား၊ သမ္ဘရာသီးကဲ့သို့ရှိ၏။ အမြစ်ကား၊ ဝါဝါရှိ၏။ စားသော် သေ၏။ နာကို ကျို၍ အမြစ်နှင့်မွှေသော်၊ နာကျိုး၏။ အရွက်ကို ခပ်သော်၊ ငွေဖြစ်၏။

## ၄၀ သမ္ဘရာတောင်ညွှန်း

သမ္ဘရာတောင်တွင် ကြက်မောက်လုံးပင် ရှိ၏။ အပင်ကား၊ ကြက်မောက်ပင်ကဲ့သို့ ရှိ၏။ အရွက်ကား၊ ခွေးသွားစိတ်ရှိ၏။ ညိုညိုအဆင်းရှိ၏။ အပွင့်ကား၊ လက်ညှိုးကဲ့သို့ရှိ၏။ အမြစ်ကား ချိုး၍ကြည့်သော်၊ သွေးပေါက်ကဲ့သို့ရှိ၏။ ၄င်းဆေးကို အညက်ကြိတ်၍ သုတနှင့်စရနယ်၊ သုတခဲ၏။ ၄င်းဆေးကို သမ္ဘရာရည်နှင့်စရနယ်၊ သုတကိုနှီး၍ထိုး၊ သုတသေ၏။ ဒန် ၁ဝိ တပဲပစ်၊ ငွေဖြစ်၏။

ebook is created by www.ShanYoma.Org

## ၄၁ ဂမန်းတောင်ညွှန်း

ဂမန်းတောင်၌ ခတ္တာနီပင် ရှိ၏။ အပွင့်ကား၊ ခတ္တာပွင့် အဆင်းရှိ၏။ အပင်ကား၊ အဖတ်နီ၏။ အရွက်စိမ်း၏။ အပွင့် ဟင်းသပြဒါးကဲ့သို့ မပေါက်မစွန်းရှိ၏။ အစမ်းကား၊ အမှုံ့ကြိတ်၍ သစ်စေးမှာ ခပ်သော်၊ နို့ရေကဲ့သို့ဖြူ၏။ ဒန်ကို အောက်အထက်နှီး၍ထိုး၊ ငွေဖြစ်၏။

ဤတွင် တောင်ဘီလာပုဂ္ဂိုလ်ကျော်

ဆေးသိုက်ညွှန်း ပြီး၏။